# ရွှေလှေစုကျေးရွာ
# ပြည်လုံးကျော်ကျေးရွာအုပ်စု၊ ပွင့်ဖြူမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ်
# (၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ရွှေလှေစုကျေးရွာ၊ပွင့်ဖြူမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

## မာတိကာ


၁။ **စကားချီး**

၂။ **ရွှေလေ့စုကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ရာသီခွင်ပြ ပြက္ခဒိန်၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ၊ပွင့်ဖြူမြို့နယ်**

၃။ **တည်နေရာနှင့် ပထဝီဝင် အနေအထား**

၄။ **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

၅။ **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

၆။ **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၇။ **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၈။ **ပညာရေး**

၉။ **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

၁၀။ **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

၁၁။ **ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**

၁၀။ **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁)

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ရွှေလေ့စုကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်ကိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိ ခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက် များကိုသာ ပြုစုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊

ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ပွင့်ဖြူမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြ ထားပါသည်။

စက်တင်ဘာလ ၂၀၂၄ခုနှစ်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ရွှေလှေစုကျေးရွာ၊ ပွင့်ဖြူမြို့နယ်


မြဉ်ဂုံကျဉ်ကျေးရွာအုပ်စု၊ ရွှေလှေစုကျေးရွာ
သယံဇာတပြ မြေပုံ
မ
ရ
တ
ဇရပ်
အိမ်
ရေတွင်း

## ပြည်လုံးကျော်ကျေးရွာအုပ်စု · ရွှေလှေစုကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

| အဖြစ်အပျက် | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင် | ကောင်း | သင့် | သင့် | ကောင်း | သင့် | သင့် | သင့် | ကောင်း | သင့် | သင့် | ကောင်း | ကောင်း |
| မိသားစုဝင်ငွေ | | | | | | | | | | | | |
| အသုံးစရိတ် | သင့် | သင့် | နည်း | များ | များ | သင့် | သင့် | များ | သင့် | သင့် | များ | များ |
| ချေးငွေလိုအပ်မှု | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | သင့် | သင့် | သင့် | နည်း | နည်း |
| သောက်သုံးရေ | | | | | | | | | | | | |
| ကျန်းမာရေး | – | – | – | တုတ်ကွေး | တုတ်ကွေး | – | – | ရာသီဖျား | ရာသီဖျား | | | |
| ပိုးမွှားကျရောက်မှု | – | – | | – | | – | – | – | | | | |
| ပွဲတော် | | | – | | – | – | | | – | – | | |
| သဘာဝဘေး | | | | | | | | | | | | |

ရေးဆွဲသူ ⟶ ရွှေလှေစု ကျေးရွာသူ / သားများ

# ပွင့်ဖြူမြို့နယ်၊ မြည်လုံးကျောက်ကျေးရွာအုပ်စု၊ ရွှေလှေစုကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ




ရေးဆွဲသူ → ကျေးရွာသူ/သားများ

## ၃။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပွင့်ဖြူမြို့နယ်သည် မြန်မာနိုင်ငံ၏ အလယ်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူး ခရိုင်တွင် တည်ရှိပါသည်။ ပွင့်ဖြူမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်နှင့် ၁၇ ဒီဂရီ ၂၃ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၈ မိနစ် နှင့် ၉၅ ဒီဂရီ ၅၃ မိနစ် ကြားတွင် တည်ရှိပါသည်။

ပွင့်ဖြူမြို့နယ်သည် အရှေ့ဘက်တွင် ရေနံချောင်းမြို့နယ်နှင့် အနောက်ဘက်တွင် ငဖဲမြို့နယ်၊ တောင်ဘက်တွင် မင်းဘူးမြို့နယ်နှင့် မြောက်ဘက်တွင် စလင်းမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိရာ ရွှေလှေစုကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပြီး ပြည်လုံးကျော်ကျေးရွာအုပ်စုတွင် ပါဝင်၍ ပွင့်ဖြူမြို့နယ်နှင့် (၄) မိုင်ခန့်ကွာဝေးပါသည်။

ရွှေလှေစုကျေးရွာ၏ အရှေ့ဘက်တွင် ပြည်လုံးကျော်ကျေးရွာ၊ အနောက်ဘက်တွင် မုန်းချောင်းတည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသော ဒေသတစ်ခုလည်း ဖြစ်သည်။ အခြားအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအနေဖြင့် အရောင်းအဝယ်၊ ဆိုင်ကယ်ပြင်ဆိုင်နှင့် ဝန်ထမ်းလုပ်ကိုင်ကြသဖြင့် ကျေးရွာ၏ လူမှုစီးပွားဘဝတိုးတက် လာစေရန်အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာသင်တန်းများ ပို့ချပေးရန် လိုအပ်လျက်ရှိပါသည်။

## ၄။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပွင့်ဖြူမြို့နယ်သည် မြေပြန့်ဒေသ ဖြစ်သောကြောင့် မိုးရွာသွန်းမှု နည်းပါးသော ဒေသဖြစ်ပြီး မျှတသော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်မှာ ၄၀ ̊C ရှိ၍ ဧပြီလတွင် အနိမ့်ဆုံးအပူချိန်မှာ ၂၃.၉၇ ̊C ဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရွာရက် (၁၀၈)ရက်ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ(၈၈.၁၉)လက်မဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသော လမှာ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလနှင့် နိုဝင်ဘာလများဖြစ်ပါသည်။

ရွှေလှေစုကျေးရွာတွင် ရာသီဥတု မမှန်ကန်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများစနစ်မကျခြင်းများကြောင့် မြေဆီဩဇာခမ်းခြောက်မှု အန္တရာယ်များရှိလာနိုင်ပြီး စိုက်ခင်းများ၌ ဖျက်ပိုးနှင့် ရောဂါများ ကျရောက်ခြင်း ထိန်းချုပ်မှု အားနည်းပါသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း စနစ်တကျ ဆောင်ရွက်ရန်လိုအပ်သောကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိ ပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်သင့်ပါသည်။ လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့် ကောင်းမွန်ပါသည်။ ထွန်ယက် စိုက်ပျိုးနိုင်သည့် ဧက(၁၉.၇၅)ဧက ရှိပြီး စပါးကိုသာ အဓိက စိုက်ပျိုးကြပါသည်။

## ၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ရွှေလေ့စုကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် ကျေးရွာ စီမံအုပ်ချုပ်ရေးအဖွဲ့ (ကျား-၅)ဦး၊ လူငယ်အဖွဲ့(ကျား-၃၊ မ-၂)ဦး၊ အရန်မီးသတ်တပ်ဖွဲ့ (ကျား-၃)၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်း များနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၆။ စီပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ရွှေလေ့စုကျေးရွာတွင် မြေယာမဲ့တောင်သူအိမ်ထောင်စုမှာ(၈၈)စုရှိပြီး အများစုသည် နေ့စား/ ကျပန်းအဖြစ် လုပ်ကိုင်စားသောက်ကြ၍ ၂.၅ ကေအောက်(၇)အိမ်ထောင်စုနှင့် ၂.၅ကေမှ ၅ကေ ကြားရှိ တောင်သူငယ်(၄)အိမ်ထောင်စုရှိ၍ ကျေးရွာတွင် မြေပိုင်ဆိုင်သူ (၁၁)ဦးသာရှိပြီး အခြား အိမ်ထောင်စုများမှာ ကျပန်းနှင့် ရေလုပ်ငန်း လုပ်ကိုင်သူများဖြစ်ကြပါသည်။ တောင်သူများမှာ အဓိအားဖြင့် စပါးကိုသာ အဓိကထားစိုက်ပျိုးကြ၍ စပါးသီးနှံမှာ ဩဂုတ်လတွင် စတင်စိုက်ပျိုးကာ နိုဝင်ဘာလတွင် ရိတ်သိမ်း၍ သီးနှံထွက်နှုန်းမှာ အများဆုံး(၁၀၀)တင်းမှ အနည်းဆုံး(၇၀)တင်းထွက် ရှိပြီး ပျမ်းမျှတစ်ကေ (၈၅)တင်းထွက်ရှိပြီး စိုက်ပျိုးရေမှာ မဲဇလီရေလွှဲဆည်မှရေကိုသာ အဓိက အသုံးပြုစိုက်ပျိုး လုပ်ကိုင်နေကြပြီး ရာသီအလိုက် ရေကိုလုံလောက်စွာ ရရှိပါသည်။ ကျေးရွာရှိ စိုက်ပျိုးတောင်သူများသည် ထွန်စက်အား ငှားရမ်းလုပ်ကိုင်ကြပြီး အချို့အိမ်ထောင်စုများမှာ နွားများဖြင့် ထွန်ယက်စိုက်ပျိုးကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတ်ဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း ပွင့်ဖြူမြို့တွင် ဝယ်ယူ ရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် တောင်သူကိုယ်တိုင်ဖြစ်စေ၊ ကုန်သည်ပွဲစား များမှ ဖြစ်စေ ရောင်းချနိုင်ကြပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေးဆောင်ရွက်မှုအနေဖြင့် နွားမွေးမြူထားသည့် အိမ်ထောင်စု(၁၄)စု၊ ဝက်မွေးသည့် အိမ်ထောင်စု(၃)စု၊ မြင်းမွေးထားသည့် အိမ်ထောင်စု(၁)စု ရှိပါသည်။ မွေးမြူရေးနှင့်ပတ်သတ်သည့် နည်းပညာများမရှိသဖြင့် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

## (ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ရွှေလှေ့စုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများမှာ ဈေးဆိုင်၊ အရောင်းအဝယ်များ လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်နေ့လျှင် လုပ်အားခ (ကျား)အများဆုံး(၁၂၀၀၀)ကျပ်၊ အနည်းဆုံး(၁၀၀၀၀)ကျပ်၊ (မ)အများဆုံး(၁၀၀၀၀)ကျပ်၊ အနည်းဆုံး(၈၀၀၀)ကျပ် ရပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/ အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ချေးငွေဝန်ဆောင်မှုများ မရှိခြင်း၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု မရှိခြင်းကြောင့် အလုပ်အကိုင်အခွင့် အလမ်းနည်းပါးပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးငွေအရင်းအမြစ်အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးနိုင်ပြီး လယ်တစ်ကေလျှင် (၁၅၀,၀၀၀)ကျပ်နှုန်း၊ ယာ(၁)ကေလျှင်(၁၀၀၀၀၀)ကျပ်နှုန်းဖြင့် အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်းသတ်မှတ်၍ ထုတ်ချေးပေးလျက်ရှိပြီး ဆင်းရဲသော အိမ်ထောင်စုများမှာ ပုဂ္ဂလိကငွေချေးသူများနှင့် လုပ်ငန်းရှင်များထံမှ လုပ်အားခများ ကြိုတင်ထုတ်ယူ၍ နေထိုင်စားသောက်ကြပါသဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကဲ့သို့သော အတိုးနည်းချေးငွေရရှိရန် လိုအပ်လျက်ရှိပါသည်။

## ၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပွင့်ဖြူမြို့နှင့် (၄)မိုင်ကွာဝေးသော ကျေးရွာချင်းဆက်လမ်းရှိပြီး ရွှေလှေစုကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းကိုသာ အသုံးပြုလျက်ရှိရာ စက်ဘီး(၁၈)စီး၊ မော်တော်ဆိုင်ကယ်(၆၃) စီးတို့ဖြင့် သွားလာနေကြပြီး ကျေးရွာတွင်းလမ်းမှာ မြေသားလမ်း ဖြစ်ပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ရွှေလှေစုကျေးရွာသည် ပြည်လုံးကျော်ကျေးရွာမှ မဟာဓာတ်အားလိုင်းသွယ်တန်းရရှိသောကြောင့် အိမ်ထောင်စု(၃၃)စုသာ လျှပ်စစ်မီးသုံးစွဲနိုင်ပြီး ကျန်ရှိနေသော အိမ်ထောင်စု(၆၆)စုမှာ လျှပ်စစ်မီးသွယ်တန်းရန် မီးကြိုးများအား ကျေးရွာ၏ အရှေ့ဘက်ကျေးရွာဖြစ်သည့် ပြည်လုံးကျော်ကျေးရွာမှ မီးကြိုးသွယ်တန်းရမည်ဖြစ်ပါသဖြင့် ကျေးရွာသို့ရောက်ရှိရန် မီးကြိုးမှာကွာဝေးလွန်းခြင်း၊ မီးကြိုး၏ဈေးနှုန်းများမြင့်မားနေခြင်းတို့ကြောင့် ကိုယ်ပိုင်မီတာဖြင့် သုံးစွဲနိုင်မှုမရှိသေးဘဲ မိဘနှင့် ဆွေမျိုးနှင့်အတူ သုံးစွဲကြ၍ ကျေးရွာရှိ အိမ်ထောင်စုအားလုံး လျှပ်စစ်မီးသုံးစွဲနိုင်ရန် ကျေးရွာတွင် ထရန်စဖော်မာ ရရှိရန် လိုအပ်လျက်ရှိပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၇၇)လုံး၊ တီဗွီ (၁၂)လုံးနှင့်ဆက်သွယ်၍ သတင်းအချက်အလက်ရယူပြီး အင်တာနက်လိုင်း ချိတ်ဆက်ရရှိမှုလည်း ရှိပါသည်။

## ၈။ ပညာရေး

ရွှေလှေစုကျေးရွာတွင် မူလတန်းကျောင်းမရှိသောကြောင့် မကြီးစုကျေးရွာ မူလတန်းကျောင်းတွင် တက်ရောက်ရပြီး ကျောင်းသားဦးရေမှာ (၄၅)ဦးခန့်ရှိ၍ အလယ်တန်းနှင့် အထက်တန်းကျောင်းသူ/သားများမှာ ကျေးရွာ၏ အရှေ့ဘက်ရှိ ပြည်လုံးကျော်ကျေးရွာ အထက်တန်းကျောင်းသို့သွားရောက် ပညာသင်ကြားလျက်ရှိရာ ကျေးရွာတွင်ရှိသော လူဦးရေများအနက် ကျား(၁၄၂)ဦးနှင့် မ(၁၅၇)ဦးတို့သည် စာပေတတ်မြောက်မှုရှိပြီး စာမတတ်သူဦးရေနည်းသောကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လူ့စွမ်းအား အမြစ်ကောင်းများ ရှိကြပါသည်။

## ၉။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ရွာ၏အရှေ့ဘက်အနီးဆုံး ပြည်လုံးကျော်ကျေးရွာရှိ ကျေးလက် ကျန်းမာရေးဌာနသို့လည်းကောင်း၊ (၄)မိုင်ခန့်ကွာဝေးသော ပွင့်ဖြူမြို့နယ်ဆေးရုံနှင့် မြို့ပေါ်ရှိ ဆေးခန်းများသို့လည်းကောင်း၊ သွားရောက်ကုသမှုခံယူကြပါသည်။

ကျေးရွာတွင် အဝီစိတွင်း/စက်တပ်တွင်းသုံးစွဲသူ အိမ်ထောင်စု(၁၅)စုနှင့် အဝီစိတွင်း/တုံကင် သုံးစွဲသူအိမ်ထောင်စု(၃၈)စုမှာ ကိုယ်ပိုင်များဖြစ်ကြ၍ ကျန်အိမ်ထောင်စုများမှာ အဆိုပါ ရေတွင်းများမှ ရေကိုသုံးစွဲကြပါသည်။ ၎င်းရေတွင်းများမှ ရေအရည်အသွေးမှာ အတင့်အတင့်ရှိသော်လည်း ကျေးရွာတွင် သန့်ရှင်းသော သောက်သုံး ရေလုံလောက်စွာမရရှိခြင်းကြောင့် ဝမ်းပျက်၊ ဝမ်းလျှော ရောဂါများ ဖြစ်ပွားမှုများရှိခြင်းကြောင့် သန့်ရှင်းသော သောက်သုံးရေရရှိရန်အတွက် ရေသန့်စက် လိုအပ်လျက်ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စု(၆၁)စုတွင် ယင်လုံအိမ်သာ သုံးစွဲကြပြီး ကျန်အိမ်ထောင်စု (၃၈)စုသည် မိဘနှင့် ဆွေမျိုးများအိမ်တွင် သုံးစွဲကြသဖြင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျကြောင်း သုံးသပ် ဆွေးနွေးကြပါသည်။

## ၁၀။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ရွှေလေ့စုကျေးရွာသည် မိုးတွင်းကာလဖြစ်သည့် ဝါဆို၊ ဝါခေါင်လများတွင် ရုံဖန်ရံခါမိုးများ သည်းထန်စွာရွာသွန်းသောကြောင့် မုန်းရေတက်ခြင်းနှင့်အတူ ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုခြင်း ဖြစ်ခြင်းကြောင့် လူနေအိမ်များ ရွှေ့ပြောင်းနေထိုင်ခဲ့ရပြီး ၂၀၁၇ ခုနှစ်တွင် နိုင်ငံတော်မှ မုန်းချောင်း အတွင်း၌ သစ်သားတိုင်များစိုက်ထူး၍ ကျောက်အိတ်များနှင့် ရေကာတာများ ပြုလုပ်ပေးခဲ့သော်လည်း မုန်းကမ်းပါးများ ဆက်လက်ပြိုကျခြင်းဖြစ်ပွားပြီး ရွာ၏ အခြေသို့ ရောက်ရှိနေသည့်အပြင် ကျေးရွာတွင်းလမ်းဧရိယာမှာ တစ်ဝက်ခန့်ရေတိုက်စား၍ အက်ကြောင်းကွဲများ ဖြစ်ပေါ်လျက်ရှိပါသဖြင့် မြေထိန်းနံရံ ဆောင်ရွက်ပေးနိုင်ပါရန်အရေးတကြီးလိုအပ်လျက်ရှိပါသည်။

ရွှေလေ့စုကျေးရွာတွင် ကျန်းမာရေးအနေဖြင့် လူများတွင် ဝါဆို၊ ဝါခေါင်လများတွင် အအေးမိ၍ နှာစီးချောင်းဆိုးရောဂါများ အဖြစ်များကြပြီး တပေါင်းလတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ ဖြစ်ပွားလေ့ရှိကြပြီး တိရစ္ဆာန်များ၌ ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာ ရောဂါနှင့် ကြက်၊ ဂက်၊ တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

## ၁၁။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

ရွှေလှေစုကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသားဦးရေထက် ပိုများကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ပဌာန်းပူဇော်ပွဲနှင့် ရာသီအလိုက် သကြံန်ပွဲ၊ ညောင်ရေသွန်းပွဲ၊ မီးထွန်းပွဲများစသည့် သာရေး၊ နာရေးများတွင်လည်း အမျိုးသား၊ အမျိုးသမီးများ အားလုံးပါဝင်ဆောင်ရွက်ကြပြီး ရပ်ရွာအကျိုး ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသားများသာမက အမျိုးသမီးများလည်း ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲ ဖြစ်ပါသည်။

## ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ကဏ္ဍအလိုက် ဦးစားပေးစီမံချက်များ စာရင်း

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစား ပေး အဆင့် | အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရွှေလှေစု | အခြေခံအဆောက်အဦ | ကျေးရွာတွင်းကွန်းကရစ်လမ်းခင်းခြင်းလုပ်ငန်း | ၁ | ကျေးလက်ဦးစီး | |
| ၂ | | ငွေကြေး | အတိုးနည်းချေးငွေရရှိရေး | ၂ | ကျေးလက်ဦးစီး | |
| ၃ | | အခြေခံအဆောက်အဦ | မြေထိန်းနံရံတည်ဆောက်ခြင်း | ၃ | မြစ်ကြောင်းဖြိုးဦးစီး | |
| ၄ | | မီးလင်းရေး | ထရန်ဖော်မာတည်ဆောက်ရေး | ၄ | လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေး | |
| ၅ | | အသက်မွေးဝမ်းကျောင်း | အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ခြင်း | ၅ | ကျေးလက်ဦးစီး | |
| ၆ | | အခြေခံအဆောက်အဦ | ကျန်ရှိသည့် ကျေးရွာတွင်း လမ်းများ ကွန်ကရစ်ခင်းခြင်း | ၆ | ကျေးလက်ဦးစီး | |

နောက်ဆက်တွဲ(၁)

## ပြည်လုံးကျော်ကျေးရွာအုပ်စု၊ရွှေလှေစုကျေးရွာ၊ပွင့်ဖြူမြို့နယ်

## ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | ပညာအရည်အချင်း | တာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးတင်မင်းလှိုင် | ဦးတင်လှိုင် | ၈/ပဖန(နိုင်) ၁၃၀၀၃၈ | ၄၂ | ၄တန်း | ဥက္ကဌ | ၀၉-၂၅၅၄၉၉၈၄၃ | |
| ၂ | ဦးသန့်ဇင် | ဦးကြည်ရှိန် | ၈/ပဖန(နိုင်) ၀၇၆၁၃၅ | ၄၅ | ၆ တန်း | အဖွဲ့ဝင် | ၀၉-၄၂၅၆၁၅၃၉၉ | |
| ၃ | ဒေါ်ပေါက်စ | ဦးအောင်စိုး | ၈/ပဖန(နိုင်) ၁၇၂၁၅၈ | ၂၆ | ၇ တန်း | အဖွဲ့ဝင် | ၀၉-၄၅၈၃၅၉၅၃၄ | |
| ၄ | ဦးသိန်းဦး | ဦးဦးစန်း | ၈/ပဖန(နိုင်) ၀၂၈၃၈၈ | ၅၄ | ၄ တန်း | အဖွဲ့ဝင် | ၀၉-၆၉၀၇၈၈၂၆၆ | |
| ၅ | ဦးမျိုးလင်းအောင် | ဦးလှသောင်း | ၈/ပဖန(နိုင်) ၁၃၀၆၁၇ | ၃၅ | ၄တန်း | အဖွဲ့ဝင် | ၀၉-၂၅၇၄၅၇၆၆၄ | |
| ၆ | ဒေါ်သင်းသင်းအေး | ဦးစန်းမောင် | ၈/ပဖန(နိုင်) ၁၁၂၀၄၉ | ၅၃ | ၄ တန်း | အဖွဲ့ဝင် | ၀၉-၄၂၁၁၈၂၀၄၈ | |
| ၇ | ဒေါ်အေးအေးလှိုင် | ဦးကံမောင် | ၈/ပဖန(နိုင်) ၄၁၇၅၂၃ | ၄၀ | ၄ တန်း | အဖွဲ့ဝင် | ၀၉-၄၀၇၇၁၀၇၀၉ | |
| ၈ | ဒေါ်စန်းစန်းအေး | ဦးကျော်သိန်း | ၈/ပဖန(နိုင်) ၁၄၇၅၂၅ | ၃၉ | ၄တန်း | အဖွဲ့ဝင် | ၀၉-၄၄၀၁၁၄၃၃၈ | |
| ၉ | ဦးကျော်စိုး | ဦးအုံးရွှေ | ၈/ပဖန(နိုင်) ၀၉၄၇၆၁ | ၄၈ | ၄ တန်း | အဖွဲ့ဝင် | ၀၉-၄၀၇၁၅၀၃၄၀ | |

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|
| | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | 3 | 3 | 0 | 0 |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | 10 | 6 | 0 | 0 |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | 11 | 19 | 0 | 0 |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | 20 | 22 | 0 | 0 |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | 114 | 120 | 0 | 0 |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | 4 | 10 | 0 | 0 |
| စုစုပေါင်း | | 162 | 180 | 0 | 0 |
| စုစုပေါင်း အိမ်ထောင်စု | | 99 | | | |

လေ့လာတွေ့ရှိချက်။ ။ရွှေလှေစုကျေးရွာတွင် အိမ်ထောင်စု (၉၉)စုတွင် လူဦးရေ စုစုပေါင်း (၃၄၂)ဦး ကျား(၁၆၂)ဦး၊ မ(၁၈၀)ဦး ရှိပါသည်။ တစ်အိမ်ထောင်စုလျှင် ပျမ်းမျှဦးရ (၃.၅)ဦးနှုန်းဖြစ်သဖြင့် တစ်အိမ်ထောင်စု ပျမ်းမျှလူဦးရေ (၅)ယောက်နှုန်းထက် လျော့နည်း လျက်ရှိသည်ကို တွေ့ရှိရပါသည်၊ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့် လူဦးရေ (၂၃၄)ဦးရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် နည်းပညာများ ထောက်ပံ့ပေးပါက လူမှုစီးပွား ဘဝများမြှင့်တက်လာနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေ ရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုး သမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 54 | 125 | 10 | 84 | 41 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 40 | 98 | 0 | 26 | 72 | 0 | မြင့် ☑ လတ် ☐ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐ လတ် ☐ နိမ့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ် □ နိမ့် □ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ် □ နိမ့် □ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ် □ နိမ့် □ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ် □ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ် □ နိမ့် □ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐<br>လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐<br>လတ် ☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐<br>လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐<br>လတ် ☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐<br>လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐<br>လတ် ☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 4 | 10 | 0 | 3 | 7 | 0 | မြင့် ☐<br>လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐<br>လတ် ☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐<br>လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐<br>လတ် ☐ နိမ့် ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐ လတ်☐ နိမ့်☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐ လတ်☐ နိမ့်☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐ လတ်☐ နိမ့်☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐ လတ်☐ နိမ့်☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | 1 | 1 | 0 | 1 | | 0 | မြင့် ☐ လတ်☑ နိမ့်☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ်□ နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ်□ နိမ့်□ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ်□ နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ်□ နိမ့်□ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ်□ နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ်□ နိမ့်□ |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် □ လတ်□ နိမ့်□ |
| | အလုပ်သမား / ဝန်ထမ်း | 0 | 0 | 0 | 0 | 0 | 0 | မြင့် ☑ လတ် □ နိမ့် □ |

လေ့လာတွေ့ရှိချက်။ ။ရွှေလှေစုကျေးရွာတွင် အဓိက စီးပွားရေးအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါးကို အဓိက စိုက်ပျိုးကြပါသည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် စိုက်ပျိုးရေး လုပ်သားများ အဖြစ်လုပ်ကိုင်ကြပြီး ရောင်းဝယ်ရေး လုပ်ငန်းသူများ၊ ဆိုင်ကယ်ပြင်ဆိုင်နှင့် ဝန်ထမ်းလုပ်ငန်း လုပ်ကိုင်သူအချို့ရှိသောကြောင့် ကျေးရွာ၏ လူမှုစီးပွားဘဝတိုးတက် လာစေရန်အတွက် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများကို ဆောင်ရွက်နေကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | 12000 | 10000 | 10000 | 8000 |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

လေ့လာတွေ့ရှိချက်။ ။ရွှေလေ့စုကျေးရွာတွင် အဓိက စီးပွားရေးအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါးကို အဓိကစိုက်ပျိုးကြပါသည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် စိုက်ပျိုးရေး လုပ်သားများ အဖြစ်လုပ်ကိုင်ကြပြီး ရောင်းဝယ်ရေး လုပ်ငန်းသူများနှင့် ဝန်ထမ်းလုပ်ငန်း လုပ်ကိုင်သူ အချို့ရှိသောကြောင့် ကျေးရွာ၏ လူမှုစီးပွားဘဝတိုးတက် လာစေရန်အတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ဆောင်ရွက်နေကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

### ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး** |
|---|---|---|
| လယ်မြေ | 19.75 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | 0.00 | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | 19.75 | |

လေ့လာတွေ့ရှိချက်။ ။ရွှေလှေစုကျေးရွာတွင် လယ်မြေဧက(၁၉.၇၅)ဧကနှင့် ကိုင်း/ကျွန်းမြေဧက(-)ဧက စုစုပေါင်း(၁၉.၇၅)ဧကရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ စိုက်ပျိုးမြေအားလုံး၏ မြေဆီလွှာများမှာ ကောင်းမွန်ပြီး စိုက်ပျိုးရေအား မဲဇလီရေလွှဲဆည်မှ ရေကို အဓိကထား သုံးစွဲကြပါသည်။ ကျေးရွာတွင် လယ်မြေဧကပိုင်ဆိုင်မှုနည်းပြီး ကိုင်း/ကျွန်းမြေ ပိုင်ဆိုင်မှု မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု** | **အသုံးချ နိုင်မှု** | **လွန်ခဲ့သော (၁၀)နှစ်က အခြေအနေ** |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

| | | | |
|---|---|---|---|
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐<br>နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☑<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ ချောင်း၊ မြစ်၊စိမ့်စမ်း) | များ ☐ သင့် ☑<br>နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း) | များ ☑ သင့် ☐<br>နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သစ်တော - ဒီရေတောများ | များ ☐ သင့် ☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |

လေ့လာတွေ့ရှိချက်။ ။ ရွှေလေ့စုကျေးရွာတွင် သတ္တုနှင့်အခြားတွင် သဘာဝအရင်းမြစ် သယံဇာတများ မထွက်ရှိပါ။မြေအောက်ရေအနေဖြင့် ကျေးရွာမှ တွင်းတိမ်များတူးယူ၍ ရေကို သုံးစွဲကြပါသည်။ သဘာဝ ဆေးဖက်ဝင်အပင်မျိုးစိတ်အနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသော အိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | 5 | 30 | 49 | 15 |

လေ့လာတွေ့ရှိချက်။ ။ရွှေလေ့စုကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေသည် အရေးပါသည်ကို တွေ့ရှိရပါသည်။ကျေးရွာတွင် မြေယာမဲ့များပြီး ကျပန်းလုပ်ငန်းလုပ် ကိုင်သည့် အိမ်ထောင်စုများကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက်အိမ်ထောင်စုအရေ အတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | 20 | 0 | အခြားအစာပြောင်းလဲစား = 0<br>အစာလျှော့စား = 0<br>အထောက်အပံ့ယူ = 0<br>ချေးယူ = 20<br>လုပ်အားခကြိုယူ = 20 |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | 0 | 0 | အခြားအစာပြောင်းလဲစား = 0<br>အစာလျှော့စား = 0<br>အထောက်အပံ့ယူ = 0<br>ချေးယူ = 0<br>လုပ်အားခကြိုယူ = 0 |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | 44 | 0 | အခြားအစာပြောင်းလဲစား = 0<br>အစာလျှော့စား = 0<br>အထောက်အပံ့ယူ = 0<br>ချေးယူ = 30<br>လုပ်အားခကြိုယူ = 14 |

လေ့လာတွေ့ရှိချက်။ ။ရွှေလေ့စုကျေးရွာတွင် ဝမ်းစာဖူလုံမှုအနေဖြင့် ချေးငှားခြင်းမရှိဘဲ အိမ်ထောင်စုများမှာ (၃)လအောက် ဝမ်းစာဖူလုံသော အိမ်ထောင်စု(၂၀)စုရှိပါသည်။အဆိုပါ မိသားစုများမှာ ချေးငွေချေးယူခြင်းနှင် လုပ်အားခကြိုယူခြင်းတို့ဖြင့် ဝမ်းစာငွေနှင့် ရိက္ခာတို့ကို ချေးယူကြရပြီး လုပ်အားဖြင့် ပြန်လည်ပေးဆပ်ရကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ |
|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | 0 | "0 |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | **0** | **0** |
| | အိမ်ထောင်စု အရေအတွက် | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | 0 | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | 0 | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | 0 | |

လေ့လာတွေ့ရှိချက်။ ။ ရွှေလှေစုကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများ မရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ

| **ထိခိုက်လွယ်မှုအမျိုးအစား** | **ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)** | | | **စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)** | | |
|---|---|---|---|---|---|---|
| **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| မြစ်ရေကြီးမှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လျှပ်တပြက်ရေကြီးခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မုန်တိုင်းဒီရေ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| ဆူနာမီ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| တိုင်ဖုန်းမုန်တိုင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လေဆင်နှာမောင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| ငလျင် | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| အပူလှိုင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| အအေးလှိုင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မိုးသီးကြွေကျမှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မိုးခေါင်ခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| တောမီးလောင်ခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| မြစ်ကမ်းပါးပြိုခြင်း | ☐ | ☐ | ☑ | ☑ | ☐ | ☐ |
| ကမ်းရိုးတန်းတိုက်စားမှု | ☐ | ☐ | ☑ | ☑ | ☐ | ☐ |
| မြေပြိုခြင်း | ☐ | ☐ | ☑ | ☑ | ☐ | ☐ |
| **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | | | | | | |
| စားနပ်ရိက္ခာမဖူလုံမှု | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ☐ | ☐ | ☑ | ☑ | ☐ | ☐ |
| သစ်တောပြုန်းတီးခြင်း | ☑ | ☐ | ☐ | ☐ | ☐ | ☐ |
| ငှက်ဖျားရောဂါ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| တီဘီရောဂါ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ကိုယ်ခံအားကျဆင်းမှုရောဂါ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ကပ်ရောဂါ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ပြည်တွင်းပဋိပက္ခ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လူကုန်ကူးခြင်း | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းစသည် | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

လေ့လာတွေ့ရှိချက်။ ။ရွှေလေ့စုကျေးရွာတွင် သဘာဝဘေးအန္တရာယ်ထိခိုက်လွယ်မှုတွင် ကျေးရွာသည် မုန်းချောင်းဘေးတွင်ရှိသောကြောင့် မုန်းရေများသောအချိန်တွင် ရေတိုက်စားသောကြောင့် ကမ်းပါးပြိုမှုများဖြစ်ပေါ်ကြောင်းနှင့် လူကြောင့်ဖြစ်တတ်သည့် ဘေးအန္တရာယ်များအနေဖြင့် မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| **ထိခိုက်လွယ်မှုအမျိုးအစား** | **ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)** | | | **စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက် လျောညီထွေဖြစ်စေမည့်အစီအမံများ)** | | |
|---|---|---|---|---|---|---|
| **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| လူငယ် | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ဆင်းရဲသားတောင်သူ | ☐ | ☑ | ☐ | ☑ | ☐ | ☐ |
| သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင် သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြော သော ဒေသတွင် နေထိုင်သူ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ☐ | ☐ | ☑ | ☑ | ☐ | ☐ |
| မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင် နေထိုင်သူများ | ☐ | ☐ | ☑ | ☑ | ☐ | ☐ |
| ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

| | | | | | | |
|---|---|---|---|---|---|---|
| မြေနိမ့်ပိုင်းနေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ငါးကန်ပိုင်ရှင်များ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လက်လုပ်လက်စားများ၊ကျပန်းများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| လူနည်းစုလူမျိုးများ | ☑ | ☐ | ☐ | ☐ | ☐ | ☐ |
| ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| နယ်စပ်ဒေသတွင်နေထိုင်သူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ရွှေတွင်းလုပ်သားများ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| နေရပ်ပြန်အခြေချသူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ရွှေ့ပြောင်းလုပ်သားများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |
| ကားမောင်းပြီးအသက်မွေးသူများ | ☑ | ☐ | ☐ | ☑ | ☐ | ☐ |

လေ့လာတွေ့ရှိချက်။ ။ရွှေလေ့စုကျေးရွာတွင် ထိခိုက်သက်ရောက်လွယ်မှုခံရနိုင်သော အခြေအနေတွင် လက်လုပ်လက်စားများ၊ကျပန်းများ အနေဖြင့် အလယ်အလတ်အဆင့်ရှိပြီး အဆိုပါ အိမ်ထောင်စုများ အနေဖြင့် စိုက်ပျိုးရေးလုပ်သားများ အနေဖြင့်လည်းကောင်း၊ ကြုံရာကျပန်းအနေဖြင့်လည်းကောင်း လုပ်ကိုင်ကြကြောင်း လေ့လာ တွေ့ရှိရပါသည်။

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့ အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက်ရွေး နိုင်သည်။) | စွမ်းဆောင် နိုင်မှု(မှန်ရာ တစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| 1 | အုပ်ချုပ် ရေးအဖွဲ့ | ☐ စီးပွားရေးအခြေခံသော အုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။<br>☑ လူမှုရေးအဖွဲ့ - ဥပမာ - | 5 | | 5 | ☐ ပညာရေး<br>☐ ငွေကြေး<br>☐ ကျန်းမာရေး<br>☐ ဘာသာရေး | ☐ ကောင်း<br>☑ သင့်<br>☐ ညံ့ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့<br>ကိုယ်ထူကိုယ်ထအဖွဲ့။<br>☐ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။ | | | | ☐စိုက်ပျိုးမွေးမြူရေး<br>☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး<br>☐လုံခြုံရေးနှင့်ကာကွယ်ရေး | |
| 2 | အရံ<br>မီးသတ် | ☐ စီးပွားရေးအခြေခံသော အုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။<br>☑ လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့ ၊ကိုယ်ထူကိုယ်ထအဖွဲ့။<br>☐ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။ | 3 | 0 | 3 | ☐ ပညာရေး<br>☐ ငွေကြေး<br>☐ ကျန်းမာရေး<br>☐ ဘာသာရေး<br>☐ စိုက်ပျိုးမွေးမြူရေး<br>☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး<br>☐ လုံခြုံရေးနှင့်ကာကွယ်ရေး | ☐ ကောင်း<br>☑ သင့်<br>☐ ညံ့ |
| 3 | လူငယ်<br>အဖွဲ့ | ☐ စီးပွားရေးအခြေခံသော အုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့စသည့်။<br>☑ လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့ ၊ကိုယ်ထူကိုယ်ထအဖွဲ့။<br>☐ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။ | 3 | 2 | 5 | ☐ ပညာရေး<br>☐ ငွေကြေး<br>☑ ကျန်းမာရေး<br>☑ ဘာသာရေး<br>☑ စိုက်ပျိုးမွေးမြူရေး<br>☑ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး<br>☑ လုံခြုံရေးနှင့်ကာကွယ်ရေး | ☐ ကောင်း<br>☑ သင့်<br>☐ ညံ့ |

လေ့လာတွေ့ရှိချက်။ ။ရွှေလှေစုကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် (၃)ဖွဲ့ရှိပါသည်။ အဆိုပါအဖွဲ့များအနေဖြင့် အချင်းချင်း ချိတ်ဆက်မှု အားကောင်းစွာဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုအနေဖြင့် အသင့်အတင့် အားကောင်းကြောင်း လေ့လာတွေ့ ရှိရပါသည်။

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| 1 | LOLC | ☐ ဘာသာရေးနှင့်ပတ်သက်သော အဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missionsစသည်)<br>☐ အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)<br>☐အရပ်ဘက်လူမှုအဖွဲ့အစည်း<br>☐ နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)<br>☐ နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)<br>☐ ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)<br>☑ ပုဂ္ဂလိကအဖွဲ့အစည်းများ | ☐ ပညာရေး<br>☑ ငွေကြေး<br>☐ ကျန်းမာရေး<br>☐ ဘာသာရေး<br>☐ စိုက်ပျိုးမွေးမြူရေး<br>☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး |

လေ့လာတွေ့ရှိချက်။ ။ရွှေလှေစုကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်ပြင်ပမှလာရောက်သည့် အသေးစားချေးငွေလုပ်ငန်းဆောင်ရွက်သည့်အဖွဲ့(၁)ဖွဲ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|
| မြေယာမဲ့ | 88 | 0 | မြေယာမဲ့ |
| ၂.၅ဧကအောက် | 7 | 0 | ဆင်းရဲသားတောင်သူ |
| ၂.၅ဧကမှ၅ဧကကြား | 4 | 0 | တောင်သူငယ် |
| ၅ဧကမှ၁၂.၅ဧကကြား | 0 | 0 | တောင်သူလတ် |
| ၁၂.၅ဧကအထက် | 0 | 0 | တောင်သူကြီး |

လေ့လာတွေ့ရှိချက်။ ။ ရွှေလှေစုကျေးရွာတွင် မြေယာပိုင်ဆိုင်မှု အနေဖြင့် (၂.၅)ဧက အောက်ပိုင်ဆိုင်သူ (၇)ဦး၊ ၂.၅ဧကမှ၅ဧကကြား ပိုင်ဆိုင်သူ (၄)ဦးနှင့် ကျေးရွာတွင် လယ်မြေပိုင်ဆိုင်သူ(၁၁)ဦးသာရှိပြီး အခြားအိမ်ထောင်စုများအနေဖြင့် ရေလုပ်ငန်းနှင့် ကျပန်းလုပ်ငန်း ကိုင်သူများရှိကြောင်းနှင့် လယ်မြေပိုင်ဆိုင်သူများ အနေဖြင့် စပါးကိုသာ အဓိက စိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| အရင်းအမြစ် | ရေသောက် (ဧက) | တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|
| ဆည် | 19.75 | ☐တစ်နှစ်ပတ်လုံး ☑ရာသီအလိုက် ☐မဖြေဆိုပါ | ☑ရှိ ☐မရှိ ☐မဖြေဆိုပါ | ☐လျော့ ☐တိုး ☑အပြောင်းအလဲမရှိ |
| ရေလွှဲဆည် | 0.00 | ☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ | ☐ရှိ ☐မရှိ ☐မဖြေဆိုပါ | ☑လျော့ ☐တိုး ☐အပြောင်းအလဲမရှိ |
| မြစ်ရေတင် | 0.00 | ☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ | ☐ရှိ ☐မရှိ ☐မဖြေဆိုပါ | ☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ |
| ရေသွင်းမြောင်း | 0.00 | ☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ | ☐ရှိ ☐မရှိ ☐မဖြေဆိုပါ | ☑လျော့ ☐တိုး ☐အပြောင်းအလဲမရှိ |
| အဝီစိတွင်း | 0.00 | ☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ | ☐ရှိ ☐မရှိ ☐မဖြေဆိုပါ | ☑လျော့ ☐တိုး ☐အပြောင်းအလဲမရှိ |
| လက်ငင်ရေတွင်း | 0.00 | ☐တစ်နှစ်ပတ်လုံး ☐ရာသီအလိုက် ☐မဖြေဆိုပါ | ☐ရှိ ☐မရှိ ☐မဖြေဆိုပါ | ☐လျော့ ☐တိုး ☐အပြောင်းအလဲမရှိ |

| | | | | |
|---|---|---|---|---|
| စိမ့်စမ်းရေ | 0.00 | ☑တစ်နှစ်ပတ်လုံး<br>☐ရာသီအလိုက်<br>☐မဖြေဆိုပါ | ☐ရှိ ☐မရှိ<br>☐မဖြေဆိုပါ | ☐လျော့ ☐တိုး<br>☐အပြောင်းအလဲမရှိ |
| ချောင်းရေ | 0.00 | ☐တစ်နှစ်ပတ်လုံး<br>☐ရာသီအလိုက်<br>☐မဖြေဆိုပါ | ☐ရှိ ☐မရှိ<br>☐မဖြေဆိုပါ | ☑လျော့ ☐တိုး<br>☐အပြောင်းအလဲမရှိ |

လေ့လာတွေ့ရှိချက် ။ ။ ရွှေလေ့စုကျေးရွာတွင် စိုက်ပျိုးမြေစုစုပေါင်း(၁၉.၇၅)ကေရှိပြီး မဲဇလီရေလွှဲဆည်မှ ရေကို အသုံးပြု၍ စိုက်ပျိုးကြပါသည်။စိုက်ပျိုးရေအား ရာသီအလိုက် လုံလောက်စွာရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ကေ | တစ်ကေအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | 19.75 | | 70 | 100 | 85 | ဩဂုတ် | နိုဝင်ဘာ | ☑မြင့်<br>☐လတ်<br>☐နိမ့် | ☐မြင့်<br>☑လတ်<br>☐နိမ့် | ☐မြင့်<br>☑လတ်<br>☐နိမ့် |

လေ့လာတွေ့ရှိချက်။ ။ ရွှေလေ့စုကျေးရွာ တွင် စိုက်ပျိုးရေအား အဓိက သီးနှံအဖြစ် စပါးကိုသာ အဓိက စိုက်ပျိုးပါသည်။စပါးစိုက်ကေ (၁၉.၇၅)ကေ ရှိပြီး ဩဂုတ်လတွင် စတင်စိုက်ပျိုးကာ နိုဝင်ဘာလတွင် ရိတ်သိမ်းကြပါသည်။သီးနှံထွက်နှုန်းမှာ အများဆုံး(၁၀၀)တင်းမှ အနည်းဆုံး(၇၀)တင်း ထွက်ရှိပြီး ပျမ်းမျှ တစ်ကေ (၈၅)တင်း ထွက်ရှိပြီး သွင်းအားစု လိုအပ်ချက်မြင့်မားသောကြောင့် အကျိုးအမြတ်ရရှိမှု နည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | 0 | 0 | 0 | 11 |
| လက်တွန်းထွန်စက် | 0 | 0 | 0 | 0 |
| အစေ့ချကိရိယာ | 0 | 0 | 0 | 0 |
| ရိတ်သိမ်းခြွေလှေ့စက် | 0 | 0 | 0 | 11 |
| ရိတ်သိမ်းစက် | 0 | 0 | 0 | 0 |
| ခြွေလှေ့စက် | 0 | 0 | 0 | 0 |
| ရေစုပ်စက် | 0 | 0 | 0 | 0 |
| ခြေနင်းရေတင်စက် | 0 | 0 | 0 | 0 |
| မြက်ရိတ်စက် | 0 | 0 | 0 | 0 |

လေ့လာတွေ့ရှိချက်။ ။ရွှေလှေစုကျေးရွာတွင် လယ်မြေကေ အသင့်အတင့်ပိုင်ဆိုင်မှုရှိသော်လည်း လယ်ယာသုံးစက်ကိရိယာ လုံလောက်မှု မရှိပါ။ ထွန်စက်များ ငှားရမ်း သုံးစွဲရပါသည်။ ကျေးရွာတွင် မိရိုးဖလာ စိုက်ပျိုးရေး နည်းစနစ်များ ကိုသာအသုံးပြု စိုက်ပျိုးကြပါသည်။ တချို့အိမ်ထောင်စုများအနေဖြင့် နွားများဖြင့် ထွန်ယက် စိုက်ပျိုးကြ ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။ဇယား ၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | ☐ အလွန်ကောင်း ☑ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ |
| လယ်ယာမြေအသုံးချနိုင်မှု | ☐ အလွန်ကောင်း ☑ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ |
| စိုက်ပျိုးရေအရင်းအမြစ် | ☑ ပေါများ ☐ အသင့်အတင့်ရှိ ☐ မဖြေဆိုပါ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | ☐ အလွယ်တကူရသည် ☑ ရသည် ☐ မဖြေဆိုပါ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | ☐ မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်<br>☑ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ |
| သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ | ☐ လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ | ☐ လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☑ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ |
| လုပ်သားရရှိနိုင်မှု | ☐ အလွယ်တကူရနိုင်သည် ☑ ရနိုင်သည် ☐ မဖြေဆိုပါ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | ☐ အလွယ်တကူရနိုင်သည် ☑ ရနိုင်သည် ☐ မဖြေဆိုပါ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | ☐ သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်<br>☑ သီးနှံများကိုရောင်းချနိုင်သည် ☐ မဖြေဆိုပါ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ☑ ထိခိုက်သည် ☐ မထိခိုက်ပါ ☐ မဖြေဆိုပါ |

လေ့လာတွေ့ရှိချက်။ ။ရွှေလေ့စုကျေးရွာရှိ စိုက်ပျိုးမြေအားလုံး အသုံးချ စိုက်ပျိုးအသုံးပြုနိုင်ပါသည်။ ရာသီဥတုကြောင့်ဖြစ်ပေါ်သည့် ဖျက်ပိုးများ ကျရောက်သည့်အခါ သီးနှံများ ထွက်နှုန်းလျော့နည်းပါသည်။ နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ရယူနိုင်သော်လည်း ရှေးရိုးနည်းများသာ သုံးစွဲကြကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | ☐ မြေဆီသြဇာမကောင်း ☑ ရာသီဥတုမမှန် ☐ မဖြေဆိုပါ |
| လယ်ယာမြေအသုံးချနိုင်မှု | ☑ လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ လပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ |
| စိုက်ပျိုးရေအရင်းအမြစ် | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |
| လုပ်သားရရှိနိုင်မှု | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | ☑ သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ☑ ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ☐ မဖြေဆိုပါ |

| | |
|---|---|
| ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သောသတင်းအချက်အလက်လက်လှမ်းမီမှု | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |
| ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့်သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက်လှမ်းမီမှု | ☑ အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ |

လေ့လာတွေ့ရှိချက်။ ။ရွှေလေ့စုကျေးရွာတွင် ပြဿနာအခက်အခဲအနေဖြင့် တစ်ခါတစ်ရံ ရာသီဥတုမမှန်ကန်မှုကြောင့် သီးနှံဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပြီး သီးနှံဖျက်ပိုးများ လည်း အနည်းငယ်ကျရောက်တတ်ပါသည်။ စိုက်ပျိုးရေးနည်းပညာအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မွေးမြူရေး | | |
| နွား | 14 | 36 |
| နို့စားနွား | 0 | 0 |
| ကျွဲ | 0 | 0 |
| မြင်း | 1 | 1 |
| မြည်း | 0 | 0 |
| လား | | 0 |
| ဆိတ် | 0 | 0 |
| သိုး | 0 | 0 |
| ဝက် | 3 | 3 |
| ကြက် | 0 | 0 |

| | | |
|---|---|---|
| ဘဲ | 0 | 0 |
| နွားနောက် | 0 | 0 |
| ငါးလုပ်ငန်း | | |
| ငါးကန် | 0 | 0 |
| ပုဇွန်ကန် | 0 | 0 |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | 0 | 0 |
| ရေချိုငါးဖမ်းလုပ်ငန်း | 0 | 0 |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | 0 | 0 |

